# 3 နေထိုင်စားသောက်ရေးအတွက် အခြေခံဝန်ဆောင်မှုများ

## 3-3 ရေပေးဝေရေးနှင့် ရေဆိုးပိုက်လိုင်း

ရေပေးဝေရေးနှင့် ရေဆိုးပိုက်လိုင်းကို အသုံးပြုမည့်ဆိုလျှင် မှတ်ပုံတင်ပြီး အသုံးပြုခပေးဆောင်ရမည်။ ရေဆိုးပိုက်လိုင်းသည် ရှိသည့်ဒေသနှင့် မရှိသည့်ဒေသရှိသည်။ အသုံးပြုခပေးဆောင်နည်းလည်း မတူညီသောကြောင့် ဦးစွာမြို့နယ်အစိုးရရုံးကောင်တာမှာ သေချာအောင်စုံစမ်းပါ။

### (1) ရေပေးဝေရေး စတင်အသုံးပြုခြင်းနှင့် ရပ်စဲခြင်း

ရေပေးဝေရေးကို စတင်အသုံးပြုသည့်အခါ (သို့) အိမ်ပြောင်းရွှေ့ခြင်းစသဖြင့် ရပ်စဲသည့်အခါ ဒေသ၏ရေပေးဝေရေးရုံး (သို့) မြို့နယ်အစိုးရရုံး၏ရေပေးဝေရေးဌာနအား လိပ်စာ ၊ အမည်၊ အိမ်ပြောင်းသည့်ရက်ကို အကြောင်းကြားကာ အသုံးပြုခပေးဆောင်နည်းစသည်များကို မေးမြန်းလိုက်နာပါ။

ရေပေးဝေရေးအသုံးပြုခကို များသောအားဖြင့် နှစ်လမှာတစ်ကြိမ် မီတာလာဖတ်သော်လည်း အချို့ဒေသတွင် တစ်လတစ်ကြိမ်ဖတ်သည့်အခါလည်းရှိနိုင်သည်။ ရေမီတာလာဖတ်ပြီးမှ ရှင်းတမ်းနှင့်တကွ အသုံးပြုခတောင်းခံလာမည်။ ဘဏ်ငွေလွှဲခြင်းဖြင့် (သို့) ဘဏ် ၊ ကွမ်းဗီနီစတိုး စသည့်များတွင် ပေးဆောင်ခြင်းသည် လျှပ်စစ်နှင့်ဂတ်စ်နှင့်အတူတူဖြစ်သည်။

### (2) ရေပိုက်ပျက်ခြင်း

ပိုက်လိုင်းပေါက်ခြင်းစသဖြင့် ရေပိုက်ပေါက်သွားပါက ဗိတ်စသည့်များဖြင့်ပတ်ပြီး ရေပန်းမထွက်အောင်လုပ်ကာ မူရင်းအဆို့ကို လက်ယာရစ်လှည့်ကာပိတ်ပါ။ ပြီးမှ ရေပိုက်လိုင်းပြင်ရန် အကြောင်းကြားပါ။ မြို့နယ်အစိုးရရုံး၏ရေပေးဝေရေးဌာနအား မေးမြန်းစုံစမ်းပါ။

### (3) ရေဆိုး နှင့် မစင်အညစ်အကြေးခပ်ထုတ်ခြင်း

ရေဆိုးပိုက်လိုင်းအသုံးပြုခြင်းသည် ရေပေးဝေရေးစတင်အသုံးပြုသည့်နှင့်တစ်ပြိုင်နက် စတင်သည်။ ရေဆိုးပိုက်လိုင်းအသုံးပြုခကို သုံးစွဲသည့် ရေပမာဏ (သို့) အိမ်သားဦးရေပေါ်မူတည်၍ ရေပေးဝေရေးအသုံးပြုခနှင့်အတူ တောင်းခံလာလိမ့်မည်။

# ၀ နေရေးထိုင်ရေး

၀ နေရေးထိုင်ရေ ထိပ်သို့

ရေဆိုးပိုက်လိုင်းမတပ်ထားသောအိမ်များအတွက် မစင်အညစ်အကြေးကို ခပ်ထုတ်ရမည်။ အများအားဖြင့် ဒေသအစိုးရက လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီအား တိုက်ရိုက်ဆက်သွယ် လုပ်ကိုင်သည်။ ဝန်ဆောင်ခကို တွက်ချက်သည့်အခါ ခပ်ထုတ်သွားသည့် ပမာဏအရတွက်ချက်သည့်ဒေသရှိသလို အိမ်သားဦးရေအရ တွက်ချက်သည့် ဒေသလည်း ရှိ၍ မြို့နယ်အလိုက်မတူပါ။ အသေးစိတ်အား မြို့နယ်အစိုးရအား မေးမြန်းစုံစမ်းပါ။

**●ရေပေးဝေရေးနှင့် ရေဆိုးပိုက်လိုင်းအသုံးပြုခြင်းလက်စွဲ**

| | |
|---|---|
| **စတင်အသုံးပြုခြင်းနှင့် ရပ်စဲခြင်း** | ဒေသ၏ရေပေးဝေရေးရုံး (သို့) မြို့နယ်အစိုးရရုံး၏ရေပေးဝေရေးဌာနအား လိပ်စာ ၊ အမည်၊ အိမ်ပြောင်းသည့်ရက်ကို အကြောင်းကြားကာ အသုံးပြုခ ပေးဆောင်နည်းစသည့်များကို မေးမြန်းလိုက်နာပါ။ |
| **ပျက်သွားလျှင်** | ပိုက်လိုင်ပေါက်သွားပါက ပိတ်စစသည့်များဖြင့်ပတ်ပြီး ရေပန်းမထွက်အောင်လုပ်ကာ မူရင်းအဆို့ကို လက်ယာရစ်လှည့်ကာပိတ်ပါ။ ပြီးမှ ရေပိုက်လိုင်းပြင်ရန် အကြောင်းကြားပါ။ |
| **ရေဆိုးပိုက်လိုင်းနှင့် မစင်အညစ်အကြေး** | 〈ရေဆိုးပိုက်လိုင်း〉ရေပေးဝေရေးစတင်အသုံးပြုသည့်နှင့်တစ်ပြိုင်နက် ဝန်ဆောင်မှုပေးသည်။<br>〈ရေဆိုးပိုက်လိုင်းမတတ်ထားသောအခါ〉 မစင်အညစ်အကြေးခပ်ထုတ်ခြင်း<br>→မြို့နယ်အစိုးရရုံးအား ကုမ္ပဏီအမည်၊ မှာကြားနည်း၊ ဝန်ဆောင်မှုခ စသည့်များကို မေးမြန်းစုံစမ်းပါ။ |